SBA
အမေရိကန်ပြည်ထောင်စု၏
အသေးစားလုပ်ငန်းများ စီမံခန့်ခွဲရေး

# စားသောက်ဆိုင် ပြန်လည်ရှင်သန်ရပ်တည်ရေး ရန်ပုံငွေ

အမေရိကန် ကယ်ဆယ်ရေး အစီအစဉ် အက်ဥပဒေက စားသောက်ဆိုင်များနှင့် အခြားသတ်မှတ်ချက်ပြည့်မီသော လုပ်ငန်းများကို ၎င်းတို့၏လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်အောင် ကူညီပေးရန်အလို့ငှာ ငွေထောက်ပံ့ပေးရန် စားသောက်ဆိုင် ပြန်လည်ရှင်သန်ရပ်တည်ရေး ရန်ပုံငွေ (RRF) ကို ထူထောင်ခဲ့သည်။ ဤအစီအစဉ်သည် စားသောက်ဆိုင်များကို လုပ်ငန်းတစ်ခုလျှင် ၎င်းတို့၏ ကမ္ဘာ့ကပ်ရောဂါနှင့် ဆက်စပ်သည့် လုပ်ငန်းဝင်ငွေ ဆုံးရှုံးမှု $10 သန်းအထိနှင့် တည်နေရာတစ်ခုလျှင် $5 သန်းထက် မကျော်သော ထောက်ပံ့ငွေကို ပံ့ပိုးပေးသည်။ ထောက်ပံ့ငွေရရှိသူများသည် ထောက်ပံ့ငွေများကို မတ်လ 11 ရက်၊ 2023 နောက်ဆုံးထား၍ အကျုံးဝင်သော ကိစ္စရပ်များအတွက်သာ သုံးစွဲနေသရွေ့ ပြန်ဆပ်စရာမလိုပါ။

အချက်အလက်များကို ပိုမိုသိရှိရန် www.sba.gov/restaurants သို့ ဝင်ရောက်ကြည့်ရှုပါ။

## လျှောက်ထားနိုင်သူများ

အောက်ပါတို့အပါအဝင် ကမ္ဘာ့ကပ်ရောဂါနှင့် ဆက်စပ်သော လုပ်ငန်းဝင်ငွေ ဆုံးရှုံးမှုကို ခံစားခဲ့ရသည့် သတ်မှတ်ချက်ပြည့်မီသော လုပ်ငန်းများ-

- စားသောက်ဆိုင်များ
- အစားအသောက် ရောင်းချသည့် ဆိုင်ခန်းများ၊ အစားအသောက် ရောင်းချသည့် ကားများ၊ အစားအသောက် ရောင်းချသည့် တွန်းလှည်းများ
- ပွဲကြီးလမ်းကြီးများ၌ အကျွေးအမွေးတာဝန်ယူရသူများ
- ဘားများ၊ အရက်ဘားများ၊ ဟိုတယ်များရှိ သီးသန့်အရက်ခန်းများ၊ အရက်ဆိုင်များ
- သရေစာမုန့်နှင့် အရက်မပါသော သောက်စရာရောင်းချသော ဆိုင်များ
- အများပြည်သူက ထုတ်ကုန်များကို မြည်းစမ်းနိုင်၊ နမူနာယူနိုင် သို့မဟုတ် ဝယ်ယူနိုင်သော အဖျော်ယမကာထုတ်လုပ်ရောင်းချသူ၏ လိုင်စင်ရ ဆိုင်များ သို့မဟုတ် အဆောက်အအုံများ
- မုန့်တိုက်များ*
- ဘီယာဆိုင်များ၊ မြည်းစမ်းနိုင်သည့် အခန်းများ၊ အဖျော်ယမကာကောင်တာများ*
- ဘီယာချက်စက်ရုံများ နှင့်/သို့မဟုတ် အသေးစား ဘီယာချက်စက်ရုံများ*
- ဝိုင်ထုတ်လုပ်သည့်နေရာများနှင့် အရက်ချက်စက်ရုံများ*
- အသေးစားဟိုတယ်များ*

** ဆိုင်၏ရောင်းအားမှာ စုစုပေါင်းလက်ခံရရှိငွေ၏ အနည်းဆုံး 33% ဖြစ်လျှင်*

## လျှောက်ထားနိုင်သည့်နည်းလမ်းနှင့် လျှောက်ထားရန်အချိန်

သင်သည် https://restaurants.sba.govတွင် ရရှိနိုင်မည့် လာမည့်အွန်လိုင်း လျှောက်ထားမှု ပေါ်တယ်တစ်ခုတွင် SBA အသိအမှတ်ပြု စားသောက်ဆိုင် အရောင်းပါတနာများမှတစ်ဆင့် သို့မဟုတ် SBA မှတစ်ဆင့် တိုက်ရိုက် လျှောက်ထားနိုင်သည်။

SBA သည် လျှောက်လွှာလက်ခံမည့်အချိန်နှင့် အီးမေးလ်နှင့် လူမှုမီဒီယာမှတစ်ဆင့် ကြေညာပါမည်။ သင့်အနေဖြင့် www.sba.gov/updates တွင် ကျွန်ုပ်တို့၏ အီးမေးလ် သတိပေးချက်များသို့ စာရင်းသွင်းနိုင်ပါသည် သို့မဟုတ် www.sba.gov/social-media တွင် ကျွန်ုပ်တို့၏ လူမှုမီဒီယာ အကောင့်များကို တွေ့နိုင်ပါသည်။

သင် လျှောက်ထားချိန်တွင် နောက်ထပ် စာရွက်စာတမ်းများကို တောင်းဆိုနိုင်ပါသည်။ စာရင်းအပြည့်အစုံကို www.sba.gov/restaurantsတွင် ကြည့်ပါ။

## သင်၏လျှောက်ထားမှုတွင် အကူအညီရယူပါ

သင်၏လျှောက်လွှာကို ပြင်ဆင်ရာတွင် အကူအညီရယူလိုပါက အောက်ပါတို့ကို ရယူနိုင်ပါသည်-

- ဖုန်းဖြေစင်တာ အကူအညီ- 1-844-279-8898 (ရုံးချိန်- တနင်္လာ-သောကြာ 8am-8pm ET)
- www.sba.gov/local-assistance ရှိ သင်၏ဒေသန္တရ SBA ခရိုင်ရုံး
- နမူနာ လျှောက်လွှာဖောင်ပုံစံနှင့် အစီအစဉ်၏ အသေးစိတ်လမ်းညွှန်ကို www.sba.gov/restaurants တွင် ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။